# ထိုင်းယူနီယံ ကုမ္ပဏီလီမိတက် အုပ်စု

## လူ့ကျင့်ဝတ်နှင့်ကိုက်ညီသော ရွှေ့ပြောင်းလုပ်သားခေါ်ယူခြင်းဆိုင်ရာ မူဝါဒ

(မြန်မာဘာသာစာရွက်)

ထုတ်ပြန်ကြေညာသည့်နေ့စွဲ 15 ဇန်နဝါရီလ 2021

# လူ့ကျင့်ဝတ်နှင့်ကိုက်ညီသော ရွှေ့ပြောင်းလုပ်သားခေါ်ယူခြင်းဆိုင်ရာ မူဝါဒ

ထိုင်းယူနီယံကုမ္ပဏီလီမိတက်သည် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် လုပ်ငန်းခွင်ရှိ အခြေခံစည်းမျဉ်းစည်းကမ်းများ နှင့် အခွင့်အရေးများအပေါ် အခြေခံထားသည့် နိုင်ငံတကာအလုပ်သမားအဖွဲ့တွင် ချပြထားသည့် အခြေခံအခွင့်အရေးများနှင့်သက်ဆိုင်သော နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေကြမ်းတို့တွင် ဖော်ပြထားသည့်အတိုင်း ပွင့်လင်း၍ လေးစားစွာဖြင့် သမာဓိရှိရှိလုပ်ကိုင် ဆောင်ရွက်နေသည်ကို ကတိပြုထားပါသည်။ မိမိတို့အနေဖြင့် ကလေးလုပ်သားများ၊ လူကုန်ကူးမှုများ၊ နှင့် မည်သို့သောနည်းဖြင့် အတင်းဓမ္မခိုင်းစေသည့် လုပ်သားများ လက်ခံမထားရှိပါ။

ကုမ္ပဏီအနေဖြင့် ညီမျှသောအခွင့်အရေးများ၊ နိုင်ငံသား၊ တိုင်းရင်းသား၊ ဘာသာရေး၊ အသက်၊ မသန်စွမ်းမှု၊ လိင်၊ အိမ်ထောင်ရှိမရှိ၊ လိင်ပိုင်းဆိုင်ရာပွင့်လင်းခြင်း၊ သမဂ္ဂအသင်းအဖွဲ့ထားရှိခြင်း၊ နိုင်ငံရေးဆိုင်ရာနီးနွယ်မှု၊ ကျန်းမာရေး သို့မဟုတ် ကိုယ်ဝန်လွယ်ထားမှု စသည့် အခြေခံလူတန်းစားစနစ်အပေါ် အခြေခံထားသည့်အချက်များကို ခွဲခြားဆက်ဆံခြင်းမပြုသော အဆင့်အတန်းများတို့ကို မြှင့်တင်လျှက်၊ တန်းတူဆောင်ရွက်ပေးနေပြီး ထိုင်းယူနီယံကုမ္ပဏီလီမိတက် နှင့် ၎င်း၏ဖက်ဆက်အဖွဲ့အစည်းများတစ်လျောက် ထိုနည်းအတိုင်းကို လိုက်နာကျင့်သုံးသွားစေရန် အသေအချာဆောင်ရွက်ပေးသွားပါမည်။

မိမိတို့၏ လုပ်သားခေါ်ယူမှု နှင့် ဌားရမ်းခန့်အပ်မှုဆောင်ရွက်ချက်များမှာ ကုလသမဂ္ဂ၏ကမ္ဘာ့တရားဝင်သဘောတူညီချက်၊ စီးပွားရေး နှင့် လူ့အခွင့်အရေးအပေါ် လမ်းကြောင်းမှန်တည့်ပေးသည့် စည်းကမ်းချက်များ၊ နှင့် မိမိတို့ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကိုယ်ကျင့်တရားတာဝန်ကြေမှုစည်းကမ်းတို့အောက်ရှိ လိုက်နာဆောင်ရွက်ချက်များကို ရရှိရန် လုပ်ဆောင်သွားမှာ ဖြစ်ပါသည်။ တည်ရှိသင့်လျော်သည့်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာထိန်းချုပ်မှုများနှင့်အညီ၊ မိမိတို့အနေဖြင့် နိုင်ငံတကာအဆင့်မီဥပဒေများဖြစ်သည့် လူးသားချင်းခွဲခြားဆက်ဆံခြင်း၊ အတင်းကျပ်အလုပ်ခိုင်းခြင်း (အကြွေးငွေညှိခြင်း၊ ထောင်ကျသကဲ့သို့ အလုပ်မတရားခိုင်းခြင်း)၊ ကလေးအလုပ်သမား (တရားဝင်အသက်ထက် ငယ်သောအရွယ်)၊ လူကုန်ကူးခြင်း နှင့် အခြားလူမှုရေးဆိုင်ရာတာဝန်ဆောင်ရွက်မှု အန္တရာယ်များကို မလုပ်ဆောင်ရန် ဥပဒေအရ အလုပ်ခန့်အပ်သွားစေမှုကို သေချာစွာလုပ်ဆောင်သွားပါမည်။

## ရည်ရွယ်ချက်

ဤမူဝါဒ၏ ရည်ရွက်ချက်သည် အလုပ်ခန့်အပ်ခြင်း နှင့် ငှားရမ်းခြင်းတွင် အပြောင်းအလဲမရှိ၊ ကျွမ်းကျင်မှု၊ တည်ငြိမ်မှု နှင့် ပွင့်လင်းမြင်သာမှုတို့ကို စီမံ၍ သေချာသောစည်းကမ်းချက်ကို ချပြပေးသွားမှာ ဖြစ်သည်။ ထိုမူဝါဒသည် ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ထိုင်းယူနီယံကုမ္ပဏီလီမိတက်မှ တည်ဆောက်ထားသော စည်းကမ်းချက်များမှ အဆိုးဆုံးဖြစ်လာနိုင်ခြေအနေအထားဖြစ်သည့် ကလေးလုပ်သား လူကုန်ကူးခြင်း၊တို့ကို လျော့ချသွားရန် နှင့် ဘေးကင်းသောအလုပ်ခွင်ဖြစ်လာစေရန် ရည်ရွယ်ထားရှိသွားပါမည်ဖြစ်ပြီး၊ ၎င်းမူဝါဒတွင် ထိုင်းယူနီယံကုမ္ပဏီလီမိတက် နှင့် လက်အောက်ခံကုမ္ပဏီများမှ လုပ်သားခန့်အပ်ခြင်းလုပ်ငန်းစဥ်များတွင် ရွှေ့ပြောင်းအလုပ်သမားများအား ကုန်ကျစရိတ် နှင့် တန်းတူညီမျှမှုတို့ကိုလည်း ရရှိစေရန် သေချာစွာ လုပ်ဆောင်ပေးသွားပါမည်။

## အခွင့်အလမ်း

ဤမူဝါဒသည် ထိုင်းယူနီယံကုမ္ပဏီလီမိနှင့် ၎င်းလုပ်အောက်ခံဌာနများတစ်လျောက် ရွှေ့ပြောင်းအလုပ်သမားများအား အလုပ်ခန့်ခြင်း နှင့် ငှားရမ်းခြင်းတို့အားလုံးတွင် အကျုံးဝင်ပါသည်။ မူဝါဒ၏ရည်ရွယ်ချက်အတွက်၊ အလုပ်ခန့်အပ်မှုမူဝါဒအား "အခွင့်နေရာလွတ်တစ်ခု ရရှိထား၍ အလုပ်ခန့်အပ်ငှားရမ်းခြင်းမှာ လိုအပ်လာခြင်း" အဖြစ် ဖော်ပြသွားပါမည်။

## ရွှေ့ပြောင်းအလုပ် နှင့် ပေးသွင်းယူလက်ခံထောက်ခံမှုလုပ်ငန်းစဉ်

ရွှေ့ပြောင်းအလုပ်သမားများကို တရားဝင်အတည်ပြုထားသော သို့မဟုတ် မှတ်ပုံတင်ပြီး/လိုင်စင်ရ တတိယပါတီဝင်ပေးသွင်းသူများ (လုပ်သားခန့်အပ်သော ကိုယ်စားလှယ်) သို့မဟုတ် ထိုင်းယူနီယံကုမ္ပဏီလီမိတက် သို့ အလုပ်သမားများမှတိုက်ရိုက် လျှောက်လွှာတင်ခြင်းမှတဆင့်သာ ခေါ်ယူရမည်။ မည်သည့် မည်သို့သောဆန္ဒပြင်းပြမှုရှိပါစေ၊ ထိုင်းယူနီယံကုမ္ပဏီလီမိတက် နှင့် ၎င်း၏လက်အောက်ခံဌာနများမှသာလျှင် အလုပ်သမားများကို တတိယပါတီဝင်များအသုံးမပြုပဲ တရားဝင်တိုက်ရိုက် ခေါ်ယူနိုင်ခွင့် ရှိသည်။

ထိုင်းယူနီယံကုမ္ပဏီလီမိ သို့မဟုတ် လက်အောက်ခံဌာနတွင် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အထောက်အပံ့အတွက် နေရာထားရှိရေးတွင် ပေးသွင်း သူမှ သဘောတူရာထားဖြီးဖြစ်ဖြီး၊ အလုပ်အကိုင်အားလုံးကိုလည်း တတိယ ပါတီဝင် ထောက်ပံ့သူများမှတဆင့် ရရှိဆောင်ရွက်ရမည်။

ဒေသခံဆိုင်ရာသဘောတူညီချက်များမှ အလုပ်အကိုင်ကိုယ်စားလှယ်၏အသုံးပြုမှုကို ဟန့်တားပိတ်ပင်ရာတွင် ထိုသဘောတူညီချက်များကို အဆုံးထိရောက်သည်အထိ သို့မဟုတ် ပြန်လည်ဆွေးနွေးပြီး သည်အထိ လေးစားမှုပေးရမည်။

ပေးသွင်းသူမည်သည့်တစ်ဦးမျှ ၎င်းအား ထိုင်းယူနီယံကုမ္ပဏီလီမိတက်၏ ပေးသွင်းသူစီးပွားရေးလုပ်ငန်းကျင့်ဝတ် နှင့် အလုပ်သမားဥပဒေ၊ ဤလူ့ကျင့်ဝတ် နှင့်ကိုက်ညီသော ရွှေ့ပြောင်းလုပ်သားခေါ်ယူခြင်း မူဝါဒ နှင့် ထိုင်းသမဂ္ဂမှ ချမှတ်ထားသည့် ဝန်ဆောင်မှု သဘောတူညီချက်တို့အား အသိအမှတ်ပြု၍ လိုက်နာပြီးမှသာလျှင် အကျိုးရှိစွာအသုံးချနိုင်ပါသည်။ ပြီးနောက်၊ ပေးသွင်းသူမည်သည့်တစ်ဦးမျှ ဥပဒေ (နှင့် အခြားသင့်လျော်သော လိုအပ်ချက်များ)နှင့်အညီ မိမိတို့၏ ထိုင်းယူနီယံကုမ္ပဏီလီမိဝန်ထမ်းများမှ စာရင်းသွင်းပြီး သည်အထိ အကျိုးရှိအသုံးပြုစေမှု မလုပ်ရ။ ထိုင်းယူနီယံကုမ္ပဏီလီမိတက်အုပ်စု နှင့် မိမိတို့၏ NGO အဖွဲ့ဝင်များမှ စာရင်းစစ်ခြင်းသည် မိမိတို့၏ဥပဒေ နှင့် တန်းတူညီမျှသော ကျင့်ဝတ်များ နှင့် အဆက်အပျက်ဆောင်ရွက်လျက်ရှိသော တိုးတက်ရေးဝန်ဆောင်မှုများတို့ကို သေချာစွာ အဆက်မပျက်ဆောက်ရွက်မှုတစ်ခုဖြစ်သည်။

## လုပ်သားခန့်အပ်မှုနည်းလမ်းအဆင်ဆင့်

- ထိုင်းယူနီယံကုမ္ပဏီလီမိတက်အုပ်စု သို့မဟုတ် လက်အောက်ခံဌာနမှ ခွင့်ပြုထားသည့် လုပ်သားခန့်အပ်မှုကိုယ်စားလှယ်မှ အလုပ်အကိုင်နှင့်ပတ်သက်သော အချက်အလက်၊ အလုပ်အကိုင်နှင့် အလုပ်သမားနှင့် ထိုင်းယူနီယံကုမ္ပဏီလီမိဘက်တို့မှ တိကျသောလုပ်သား ခန့်အပ်မှုကုန်ကျစရိတ်များကို အပါအဝင် လုပ်အားခကုန်ကျစရိတ်အတွက် အထွေထွေအခြေအနေများတို့ကို အသိပေးရမည်။ (လုပ်သားခန့်အပ်သော ကိုယ်စားလှယ်ထံ ထိုင်းယူနီယံကုမ္ပဏီလီမိတက်အုပ်စု နှင့် လက်အောက်ခံဌာနများမှ ပေးရမည့် အခကြေးငွေများနှင့် လုပ်သားခန့်အပ်သည့်မူဝါဒအပြင် အခြားသောသဘော တူညီချက်များတို့ကိုလည်း ကြိုတင်သဘောတူညီမှု ပေးရမည်ဖြစ်ပြီး၊ ဝန်ဆောင်မှုပေးအဆင့်သဘောတူညီမှုကိုလည်း ရရှိစေရမည် ဖြစ်သည်။)
- လုပ်သားခန့်အပ်သည့်ကိုယ်စားလှယ်မှ လျှောက်ထားသူတို့အား ကြိုတင်ဇကာတင်ရွေးချယ်မှုကို အလုပ်ခန့်အပ်မှု၏ စည်းမျဉ်းစည်းကမ်း သို့မဟုတ် ထိုင်းယူနီယံကုမ္ပဏီလီမိ နှင့် ၎င်း၏လက်အောက်ခံဌာနများမှ ဆုံးဖြတ်ထားသည့် လိုအပ်ချက်များနှင့်အညီ အင်တာဗျူးသွားမည်။
- ကြိုတင်ရွေးခံထားပြီးသော လျှောက်ထားသူများအား စွမ်းရည်ဆိုင်ရာစစ်ဆေးမှုကိုပြုလုပ်၍ နောက်တစ်ဆင့်အတွက် ရွေးချယ်သွားမည်။
- ရွေးချယ်ပြီးထားသော သူများကို ထိုင်းယူနီယံကုမ္ပဏီလီမိ သို့မဟုတ်လက်အောက်ခံဌာ နမှ နောက်ဆုံးအဆင့်ရွေးချယ်မှုကို ဖော်ပြလုပ်သွားပါမည်။

- လုပ်သားခန့်ကိုယ်စားလှယ်များအနေဖြင့် ရွေးချယ်ပြီးသောအလုပ်သမားများကို သူတို့၏ဘာသာစကား (သို့မဟုတ် အလုပ်သမားများနားလည်သော ဘာသာစကား၊ နှင့် အားလုံးနားလည်အသုံးပြုသော ဘာသာစကားတို့ဖြင့်လည်း) အသိပေးရန် သေချာစွာ လုပ်ဆောင်ရမည်ဖြစ်ပြီး၊ အလုပ်အကိုင်၏အခြေအနေများနှင့် စည်းကမ်းချက်များတို့ကို ခန့်အပ်မှုအတိုင်မီ ရှင်းလင်းစွာ နားလည်အောင် လုပ်ဆောင်ရမည်။ ရွေးချယ်ပြီးသောသူများကို အလုပ်အကိုင်စာချုပ်ကို လက်မှတ်ရေးထိုးရန် တောင်းဆိုသွားပါမည်။
- အလုပ်သမားများကို အသုံးဝင်သော ဘာသာစကားအားလုံးဖြင့်ရေးထားသော အလုပ်အကိုင်စာချုပ်များအားလုံး၏မိတ္တူများ ကိုပေးဆောင်ရမည်။
- သင်တန်းခရီးကြို အောင်မြင်သွားသော သူများကိုသာ ထောက်ပံ့ပေးသွားမည် ဖြစ်သည်။ သင်တန်းကို အလုပ်အကိုင်၊ ပြန်လည်နေရာချထားရေး၊ ယဉ်ကျေးမှု၊ ဘေးကင်းမှု၊ တိုင်ကြားမှုလမ်းစဉ်များ၊ သင့်လျော်သော ထိုင်းနိုင်ငံအတွင်း နေထိုင် လုပ်ကိုင်မှုဆိုင်ရာ ဥပဒေများ စသည်တို့ ပံ့ပိုးပေးသွားမည်။ ဤသင်တန်း နှင့် ဆက်ဆက်သောကုန်ကျစရိတ်များ၊ အလုပ်သမား၏အိမ်မှ သင်တန်းသို့သွားမည့်ခရီးစရိတ်မှအပ၊ တို့ကိုလည်း ထိုင်းယူနီယံကုမ္ပဏီလီမိ နှင့် လက်အောက်ခံဌာနများမှ ကုန်ကျခံပေးသွားမည် ဖြစ်သည်။
- ထိုင်းယူနီယံကုမ္ပဏီလီမိတက်အုပ်စု သို့မဟုတ် သူ၏လက်အောက်ခံ ကုမ္ပဏီ နှင့် ခွင့်ပြုချက်ရထားသော လုပ်သားခန့်အပ်မှု
ကိုယ်စားလှယ်များအနေဖြင့် လျှောက်ထားသူများက အောက်ပါလိုအပ်ချက်များကိုအလုပ်ရှင်များမှဖြည့်ဆည်းပေးမ ူကို သေချာစေရန် လှုဝင်မှုကြီးကြပ်ရေး နှင့် အခြားအရာရှိများတို့နှင့် လက်တွဲလုပ်ဆောင်သွားရမည် -
    - ➢ ဝင်ခွင့် သို့မဟုတ် ထွက်ခွင့်အတွက် ဗီဇာ သို့မဟုတ် အခြားသောစာရွက်စာတမ်းများ
    - ➢ အလုပ် တရားဝင် ခွင့်ပြုချက်ပါမစ် သို့မဟုတ် မူရင်းနိုင်ငံ၏ အလုပ်သမားကဒ်များ
    - ➢ ကျန်းမာရေး အာမခံများ သို့မဟုတ် ကျန်းမာရေး ဝန်ဆောင်မှုများ
    - ➢ တရားဝင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်အတွက် အခြားလိုပ်အပ်သော စည်းကမ်းများ

## လူသစ်ခန့်အပ်ခြင်းနှင့်ဆိုင်သော အခကြေးငွေ နှင့် ကုန်ကျစရိတ်များ

ထိုင်းယူနီယံကုမ္ပဏီလီမိတက်ရွှေ့ပြောင်းလုပ်သားများအတွက် "လုပ်သားခေါ်ယူခြင်းအခကြေးကို လုံးဝရယူခြင်း" မလုပ်၍ ၎င်းဆိုင်ရာ ဝန်ဆောင်မှုကြေးများအတွက်ထိုင်းယူနီယံကုမ္ပဏီလီမိတက်သို့မဟုတ်မိမိတို့၏လက်အောက်ခံကုမ္ပဏီများမှအကုန်ကျခံပေးပါလိမ့်မည်။

- **ထိုင်းယူနီယံကုမ္ပဏီလီမိတက် သို့မဟုတ် လက်အောက်ခံ ကုမ္ပဏီ ပေးရန် -**
  ၁။ လူသစ်ခန့်အပ်ခြင်း အခကြေးငွေ အားလုံးနှင့် အောက်ပါများ:
    - ▪ စာချုပ်ထုတ်လုပ်မှု သို့မဟုတ် စာချုပ်ရေးထိုးခြင်း အထိမ်းအမှတ် သို့မဟုတ် စာချုပ်ချုပ်ဆိုင်မှုဆိုင်ရာ အခမ်းအနားကုန်ကျစရိတ်များ
    - ▪ နေရာထိုင်ခင်း သို့မဟုတ် လက်ခံကြောင်းစာရွက်စာတန်းများ

  ၂။ ခရီးမထွက်ခွာမီ သင်တန်းကုန်ကျစရိတ်အပြင် ၎င်းသင်တန်းရက်အတွင်း နေရာထိုင်ခင်း နှင့် အစားအသောက်
  ၃။ ရည်ညွှန်းခရီးထွက်ခွာသည့်နေရာ (မြဝတီ) ခရီးသွားနေစဉ်မှ ထိုင်းနိုင်ငံနယ်စပ်ရှိ ထိုင်းယူနီယံကုမ္ပဏီလီမိတက် သို့ဟုတ် လက်အောက်ခံ ကုမ္ပဏီများအထိ အစားအသောက်များ နှင့် သောက်ရေ
  ၄။ ထိုင်းနယ်စပ်မှ ထိုင်းယူနီယံကုမ္ပဏီလီမိတက် သို့မဟုတ် လက်အောက်ခံ ကုမ္ပဏီသို့ သွားလာစရိတ်
  ၅။ ယူနီဖောင်း ကုန်ကျစရိတ်၊ ကျန်းမာရေးနှင့် လုံခြုံရေး အသုံးအဆောင်များ.
  ၆။ ဆေးစစ်ဆေးချက်

- **အလုပ်သမားများ ပေးရန်-**

  ၁။ မွေးရပ်မြေ ၊ နိုင်ငံ

  - နိုင်ငံကူးလက်မှတ် လျှောက်လွှာကြေးများ၊ နိုင်ငံကူးလက်မှတ်၊ ဓာတ်ပုံ နှင့် လျှောက်လွှာပုံစံ
  - အလုပ်သမားကတ် သို့မဟုတ် မူရင်းနိုင်ငံ၏ လိုအပ်သောစာရွက်စာတမ်းများ
  - အင်တာဗျူးသည့်နေရာမှ/သို့ သွားလာစရိတ်နှင့် အစားအသောက်စရိတ်၊ ဆေးရုံ (ဆေးစစ်ရန်), နိုင်ငံကူးလက်မှတ်လုပ်ဆောင်မှုဌာန၊ ခရီးမသွားမီ ကြိုတင်သင်တန်းပေးသည့်နေရာ၊ စာချုပ်လက်မှတ်ရေး ပွဲ၊ နှင့် ထိုင်းနိုင်ငံသို့ ထွက်ခွာမည့် သဘောတူညီချက်
  - အင်တာဗျူးချိန်တွင်း နေထိုင်စရိတ်၊ နိုင်ငံကူးလက်မှတ် နှင့် စာချုပ်လက်မှတ်ထိုးခြင်း

  ၂။ အိမ်ရှင်နိုင်ငံ - ထိုင်းနိုင်ငံ

  - ဗီဇာ ကုန်ကျစရိတ် နှင့် ဗီဇာ အသစ်ပြန်လုပ်ခြင်း
  - အလုပ်တရားဝင် ခွင့်ပြုပါမစ် စာရွက်စာတမ်းများ နှင့် အလုပ်စခန့်ပြီး အလုပ်လုပ်ပြီး ၂ နှစ်နောက် အလုပ်သက်တမ်း ၂ နှစ်စာပြန်လည်အသစ်တိုးခြင်း
    - ➢ အလုပ် တရားဝင်ခွင့်ပြုပါမစ် ကြေးငွေ
    - ➢ အလုပ်ခန့်တိုးချဲ့မှုနှင့်သက်ဆိုင်သည့် အခြားကုန်ကျစရိတ်များ

- လုပ်သားခန့်အပ်မှုကိုယ်စားလှယ်များအနေဖြင့် အကုန်အကျစရိတ်များဖြစ်သည့် အလုပ်ခန့်ဝန်ဆောင်မှုကြေးများ နှင့် စာရွက်စာတန်းကြေးများကို ပွင့်လင့်မြင်သာစွာဖြင့် ထိုင်းယူနီယံကုမ္ပဏီလီမီ နှင့် ၎င်းတို့၏လက်အောက်ခံကုမ္ပဏီများဆိုင်ရာ စီးပွားရေးလုပ်ငန်း စည်းကမ်းသတ်မှတ်ချက်များအားလုံးကို ပြင်ဆင်ပြုလုပ်ရာတွင် ဆက်လက်ထုတ်ဖော်ပြသသင့်သည်။
- ထိုလုပ်သားခန့်အပ်မှုကိုယ်စားလှယ်များအနေဖြင့် ထိုင်းယူနီယံကုမ္ပဏီလီမီ နှင့် ၎င်းလက်အောက်ခံဌာနများမှ ကျော်လွန်၍ အလုပ်သမားများထံမှ  ငွေကြေးအပိုကောက်ခံခြင်းတို့ကို မိမိတို့၏ဝန်ထမ်းများမှ မပြုလုပ်စေရန် မူဝါဒလုပ်ငန်းစဉ်များကို ချပြပေးထားရမည်။ ၎င်းတို့အနေဖြင့်လည်း သူတို့၏ဝန်ထမ်းကိုယ်စားလှယ်ခွဲများအား ထိုင်းယူနီယံကုမ္ပဏီလီမီ၏ ကုန်သွင်းသူဆိုင်ရာစည်းကမ်းချက်၊ ကျင့်ဝတ်ဆိုင်ရာရွှေ့ပြောင်းလုပ်သားများအတွက် မူဝါဒ၊ ထိုင်းယူနီယံကုမ္ပဏီလီမီနှင့် ဆက်နွယ်သည့် ဝန်ဆောင်မှုအဆင့် သဘောတူညီမှု တို့နှင့် လိုက်နာဆောင်ရွက်သွားစေရန် သေချာစွာ လုပ်ဆောင်ပေးရမည် ဖြစ်သည်။

## လေးစားလိုက်နာခြင်းကို စောင့်ကြည့်ခြင်း နှင့် ကုစားမှုဆိုင်ရာအခွင့်အလမ်း

လုပ်သားခန့်ကိုယ်စားလှယ်များကို ထိုင်းယူနီယံကုမ္ပဏီလီမီ နှင့် သက်ဆိုင်ရာကိုယ်စားလှယ်များမှ ဤမူဝါဒနှင့်ပတ်သက်၍ နစ်နာချက်၊ မကျေနပ်မှု၊ အသိပေးခြင်း သို့မဟုတ် အသိပေးခြင်းမရှိသော စာရင်းစစ်မှုအပါအဝင် စသည့် တိုင်တန်းမှုတို့ကို စီစစ်လုပ်ဆောင်မှုများ လုပ်ဆောင်သွားမည် ဖြစ်သည်။ ဤလုပ်ထုံးလုပ်နည်းများတွင် အတွင်းပိုင်းဖြေရှင်းရေးကိစ္စများဖြစ်သည့် လူမှုရင်းမြစ်အထောက်အပံ့၊ လျှို့ဝှက်အကူအညီပေးရေး နှင့် အလုပ်သမားရေးရာကော်မတီများတို့ ပါဝင်သည်။ ပြီးနောက်၊ ပြင်ပတတိယပါတီဝင် နှင့် လွတ်လပ်သော လုပ်ငန်းဆောင်ရွက်မှုများတို့ဖြစ်သည့် အကူအညီပေးရေး နှင့် တိုင်းတန်းချက်တို့အား စီစစ်ခြင်းတို့ကို ဒေသခံ အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြစ်သည့် ရွှေ့ပြောင်းအလုပ်သမားများတို့၏အခွင့်အရေးကွန်ရက် (MWRN) နှင့် Issara အဖွဲ့တို့ကို ထိုင်းယူနီယံကုမ္ပဏီလီမီ နှင့် ၎င်းလက်အောက်ကုမ္ပဏီများ၏အလုပ်သမားများအားလုံးအတွက် နေရာတစ်နေရာတွင် ထည့်သွင်းစဉ်းစားပေးနိုင်ရန် လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါသည်။

ထိုင်းယူနီယံကုမ္ပဏီလီမိ နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများသည် မူဝါဒစည်းကမ်းဖောက်ဖျက်ခြင်းကိစ္စမှအပ၊ ပထမတုံ့ပြန်မှုကို မလိုက်နာခြင်းအဖြစ် ပြန်လည်ဖြေရှင်းချက်ကိုလုပ်ဆောင်နိုင်ရန် လုပ်သားခန့်ကိုယ်စားလှယ်လုပ်ဖော်ကိုင်ဖက်တို့နှင့် အတူတွဲ၍ လုပ်ကိုင်သွားမည်။ ပြန်လည်ကုစားမှုလိုအပ်လာခဲ့ပါက၊ ကိုယ်စားလှယ်များအနေဖြင့် ထိုင်းယူနီယံကုမ္ပဏီလီမိ နှင့် လက်အောက်ခံဌာနများသို့ အမှန်ပြုပြင်ခြင်း နှင့် အချိန်တည်းအညီ လက်တွေ့လုပ်ဆောင်မှုအစီအစဉ်တို့ကို အကောင်အထည် ဖော်ဆောင်သွားပေးရမည်။

ဤမူဝါဒကို လိုက်နာခြင်းမရှိခြင်းမှ အလုပ်သမားများအနေဖြင့် ရရှိလာမည့် ဆိုးကျိုးများရှိလာသည့်အခါတွင်၊ သူတို့အား ထိုင်းယူနီယံကုမ္ပဏီလီမိ နှင့်/သို့မဟုတ် လုပ်သားခေါ်သူကိုယ်စားလှယ်များမှ အကျိုးရှိစွာကုစားမှုများကို ထောက်ပံ့ရန် အခွင့်ရှိသည်။ အလုပ်သမားများအား တရားမဝင်ခြင်း နှင့်/သို့မဟုတ် ပုံမှန်မဟုတ်သည့် အခကြေးငွေများတောင်းခံသည့် ကိုယ်စားလှယ်များကို တွေ့ရှိပါက၊ တိုက်ရိုက်ဖြေစေ သွယ်ဝိုက်၍ဖြစ်စေ၊ သဘောတူထားသည့်အရာများနောက်ကျော်၍ လုပ်ဆောင်မှုများရှိလာခဲ့ပါက၊ ခန့်အပ်ထားသည့်အလုပ်သမား များအား ဆိုးကျိုးသက်ရောက်မှုများမရှိစေရန်အတွက် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများကို ရပ်နားလိုက်မည် ဖြစ်ပါသည်။ ခန့်အပ်ကိုယ်စားလှယ်အနေဖြင့် လျှော့က်ထားသူတို့ထံ ပုံမှန်မဟုတ်သည့် အခကြေးငွေများအားလုံးကို ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။